သုတေသနနှင့်လေ့လာရေးဌာန
ဝေဖန်သုံးသပ်ချက် အမှတ်စဉ် (၈/၂၀၁၀)

## နံပတ်ဝမ်းဖြစ်ချင်သူဟာ လက်ရှိ နံပတ်ဝမ်း ကို ဖယ်ရှားရမှာပဲ

(၂၀၁၀ ဇွန်လ ၂၈ ရက်)

"အပြောင်းအလဲ"ဆိုတာကို အာဏာကိုင်ထားနိုင်သူကသာလုပ်နိုင်တယ်။

"အပြောင်းအလဲ" ဆိုတာမှာ အမြင့်ဆုံးမူပေါ်လစီတွေကနေ စပြီး၊ ရာထူးအဆင့်တာဝန်အပြောင်းအလဲထိ လုပ်ဆောင်တာကို ဆိုလိုပါတယ်။ ရာထူးအဆင့်တာဝန်အပြောင်းအလဲလုပ်တယ်ဆိုတဲ့နေရာမှာ ထုတ်ပစ်တာ/ဖြုတ်ပစ်တာ/ ခန့်အပ်တာ/ ပြောင်းရွှေ့တာ/ အငြိမ်းစားပေးတာ အထိ ပါဝင်ပါတယ်။

အာဏာကိုစိတ်ကြိုက်ကိုင်တွယ်ထားနိုင်တဲ့ကာလအထိတော့ "အပြောင်းအလဲ"မှန်သမျှကို စိတ်တိုင်းကျလုပ်နိုင်တယ်။ ဘယ်သူကမှဦးနှင်းပဲ့ထောင်မလုပ်ဝံ့ဘူး။ မီးသေတယ်လို့ပြောရမယ်ထင်တယ်။

ဗိုလ်သန်းရွှေဟာ စစ်အုပ်စုထိပ်သီးပဲ။ အာဏာကိုင်ထားနိုင်သူဖြစ်တယ်။ ဒီတော့ "အပြောင်းအလဲ"ဆိုတာတွေကို သူ့စိတ်ကြိုက်လုပ်ခဲ့ပါတယ်။ လုပ်နိုင်နေပါသေးတယ်။ စသဖြင့် ကျနော်တို့ရဲ့ ဝေဖန်သုံးသပ်ချက် အမှတ်စဉ် (၇/ ၂၀၁၀ )မှာ ဖေါ်ပြခဲ့ပါတယ်။

အခုလည်း (နအဖ)စစ်အုပ်စုတွင်းမှာ "အပြောင်းအလဲ" တစ်ခုလုပ်ရဖို့ ကံကြမ္မာဖန်လာပြန်ပြီလို့ပြောရမယ်ထင်ပါတယ်။

ဒီတခါ အပြောင်းအလဲကို စစ်အုပ်စုထပ်သီး ဗိုလ်သန်းရွှေ စိတ်တိုင်းကျလုပ်နိုင်ပါ့မလား။

ဒီတစ်ခါ လုပ်ရမယ့်အပြောင်းအလဲက ဗိုလ်သိန်းစိန်တို့တစ်သိုက်ကို "ဗိုလ်" ကနေ "ဦး" ပြောင်းရသလိုလွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ထိပ်ဆုံးအပြောင်းအလဲ/ အာဏာကိုင်ထားသူအပြောင်းအလဲ /စစ်အုပ်စုနံပတ်ဝမ်းအဖြစ်ဘယ်သူ့ကိုထားမလဲ ဆိုတဲ့ အဓိကအပြောင်းအလဲကိုမဖြစ်မနေလုပ်ရတော့မယ့်အနေအထားဖြစ်ပါတယ်။

ဗိုလ်ခင်ညွန့်တို့ "ထောက်"တစ်သိုက်ကို ကိုင်တုန်းကလို "အမိန့်မနာခံလို့/ လာဘ်စားလို့"ဆိုပြီး (ထလရ) တစ်ဖွဲ့လုံးဖြုတ်ထုတ်ရှင်းပစ်လိုက်သလို မီးသေနိုင်ပါ့မလား။

ရွေးကောက်ပွဲကျင်းပမယ့်ရက်ကြေညာဖို့ (နအဖ) စစ်အုပ်စုအတွက် မခက်ပါဘူး။

တကယ်ခက်နေတာက သူတို့ စိတ်ကြိုက်ရေးဆွဲထားတဲ့ "၂၀၀၈ အခြေခံဥပဒေ" နဲ့အညီ သမ္မတအဖြစ် ဘယ်သူ့ကိုရွေးချယ် လျာထားမလဲ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ်ဘယ်သူလုပ်မလဲဆိုတဲ့ ကိစ္စဖြစ်နေပါတယ်။

ဒီကိစ္စက (နအဖ) စစ်အုပ်စုထိပ်ပိုင်းထဲမှာ ဆုံးဖြတ်ရွေးချယ်ရမယ့်ကိစ္စဖြစ်နေတယ်။

ဗိုလ်သန်းရွှေ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဆက်လုပ်လို့ မဖြစ်တော့ဘူး။ သမ္မတကြီးရောလုပ်မလား။ ဒါတွေဟာ ဗိုလ်သန်းရွှေအတွက် အိပ်၍မပျော်သောညတွေဖြစ်နေပြီ။

နောက်လူတွေက မစောင့်နိုင်ကြတော့ဘူး။

အစဉ်အတိုင်းပြောရရင် ဗိုလ်မောင်အေးလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်နိုင်တာပဲ။ သူကလက်ရှိ ဒုတပ်ချုပ်ကြီးမဟုတ်လား။ ဗိုလ်ရွှေမန်းလည်း အလားအလာရှိတာပေါ့။ ဗိုလ်မြင့်ဆွေ၊ ဗိုလ်တင်အေး၊ စသဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဆိုတဲ့ ဗိုလ်တွေကလည်း "နံပတ်ဝမ်းအိပ်မက်" မက်နေကြမှာသေချာပါတယ်။ ဗိုလ်တိုင်းနံပတ်ဝမ်းဖြစ်နိုင်တာတော့မဟုတ်ဘူး။ အဓိကကျတဲ့တပ်တွေနဲ့ အဲဒီအဓိကကျတဲ့ တပ်တွေကို ကိုင်ထားတဲ့ ဗိုလ်တွေကို မီးသေနိုင်သူ/ပိုင်နိုင်သူ/ကိုင်ထားနိုင်သူသာ နံပတ်ဝမ်းဖြစ်နိုင်တာပါ။

ပြီးတော့ သမ္မတလုပ်ချင်သူဟာ ကာကွယ်ရေးဦးစီးချုပ်လုပ်ချင်သူထက် ပိုပြီးနဲလိမ့်မယ်လို့ယူဆပါတယ်။ ဘာလို့လဲဆိုတော့ အနှစ်သာရအရပြောရရင် "၂၀၀၈ အခြေခံဥပဒေ"ဆိုတာ ကာကွယ်ရေးဦးစီးချုပ်ရဲ့အလိုဆန္ဒတွေကို ဥပဒေပုဒ်မတွေအဖြစ်ချရေးထားတာဖြစ်နေလို့ပါပဲ။ ဒီတော့နံပတ်ဝမ်းအိပ်မက်ကို အများစုကမက်ကြမှာသေချာတယ်။

ဒီတော့ အောက်တဆင့်က တိုင်းမှူး၊ တပ်မမှူး၊ စကခမှူးဆိုတာတွေကလည်း သူတို့ကပ်ထားတဲ့/တင်ထားတဲ့ဆရာ နံပတ်ဝမ်းဖြစ်ရေးကို စိတ်ဝင်စားကြမှာအသေအချာပါပဲ။ ဆရာကောင်းမှ တပည့်ပန်းကောင်းပန်နိုင်မယ်မဟုတ်လား။ ဒီတော့ဒီနေ့ကာလ စစ်အုပ်စုတွင်းမှာ ဘယ်သူနံပတ်ဝမ်းဖြစ်မလဲ ဆိုတဲ့ အရေးဟာ ဒို့တာဝန်အရေး(၃) ပါးထက် ပိုလို့အရေးပါနေပါလိမ့်မယ်။

ဗိုလ်သန်းရွှေဟာ သမ္မတကြီးပဲလုပ်မယ်ဆိုရင်တော့ ဗိုလ်နေဝင်းက သူ့တပည့်ငယ်သားတွေကို မီးသေသလို ဗိုလ်သန်းရွှေဟာ ဗိုလ်မောင်အေး၊ ဗိုလ်ရွှေမန်းတို့အပေါ် မီးသေပါ့မလား။ သမ္မတကြီးကို ကာကွယ်ရေးဦးစီးချုပ်က နာခံပါ့မလား။

ဗိုလ်နေဝင်း ဘယ်လိုနိဂုံးချုပ်သွားရသလဲဆိုတာ ယနေ့စစ်အုပ်စုဝင်တွေမျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အထိ တစ်မိုးလုံးဖျောက်ဆိပ်လုပ်ခဲ့တဲ့ ဗိုလ်ခင်ညွန့်ကို ဘယ်သူကဘယ်လိုဇာတ်သိမ်းပေးခဲ့သလဲ။

ဗိုလ်သန်းရွှေ ဇာတ်သိမ်းပိုင်းအတွက် စစ်အုပ်စုအတွင်းမှာ ရီးဟာဇယ်တောင်လုပ်နေကြပြီထင်ပါတယ်။ ပြီးတော့စစ်အုပ်စုထဲမှာ နံပတ်ဝမ်းရွေးတယ်ဆိုတာ ဒီမိုကရေစီနည်းကျလုပ်နေတာမဟုတ်ဘူး။ စစ်ဥပဒေအရလုပ်နေတာလဲမဟုတ်ဘူး။ စစ်ဥပဒေအတိုင်းသာ လုပ်ရမယ်ဆိုရင် ဗိုလ်သန်းရွှေ ကာကွယ်ရေးဦးစီးချုပ်ကနေဆင်းပေးသင့်တာကြာလှပေါ့။

နံပတ်ဝမ်းရှင်းတမ်းပြီးတာနဲ့ ရွေးကောက်ပွဲနေ့ရက်ကြေညာနိုင်တာပဲ။ ရွေးကောက်ပွဲနေ့ရက်ထုတ်ပြန်ကြေညာပြီဆိုရင် နံပတ်ဝမ်း ရှင်းတမ်းပြီး ပြီလို့ယူဆရမှာပဲ။

ကြက်ဥကြော်စားချင်ရင် ကြက်ဥကို ခွဲရမှာပဲ။

စစ်အုပ်စုထိပ်သီး နံပတ်ဝမ်းဖြစ်ချင်သူဟာလက်ရှိ နံပတ်ဝမ်း ကိုဖယ်ရှားရမှာပဲ။

လောလောဆယ်မှာတော့ ဘယ်သူနံပတ်ဝမ်းဖြစ်လာမလဲဆိုတာ ဘယ်သူမှတိတိကျကျမပြောနိုင်ပါဘူး။

သို့သော်လည်းနောက်တက် လာမယ့် နံပတ်ဝမ်းဟာ ဗိုလ်သန်းရွှေ မဖြစ်နိုင်တော့ဘူးဆိုတာတော့လူတိုင်းပြောနိုင်ပါတယ်။

ဒါဟာ (နအဖ) စစ်အုပ်စုစိတ်တိုင်းကျရေးခဲ့တဲ့ “၂၀၀၈ အခြေခံဥပဒေ”က ပေးအပ်လာတဲ့ (နအဖ) စစ်အုပ်စုအတွက် သေရေးရှင်ရေးကိစ္စတစ်ခုဖြစ်ပါတယ်။